အမျိုးသမီး လူငယ်နှင့်
ကလေးသူငယ်ရေးရာ
ဝန်ကြီးဌာန

mowyca@nugmyanmar.org
susannasoe@nugmyanmar.org
eithinzarmaung@nugmyanmar.org

တိုက်တွန်းနှိုးဆော်ချက်

ယနေ့မှစ၍ နောက် ၁ လတိတိ ဇွန်လ (၁၉) ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ "ပဋိပက္ခ အတွင်းလိင်အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ - End Sexual Violence in Conflict Day" ဖြစ်ပါသည်။

သို့ပါသောကြောင့် ယ နေ့မှစ၍လိင်အကြမ်းဖက်မှု ရပ်တန့်ရေးလှုံ့ဆော်မှုများ ၊ ပညာပေး မှုများ ကို တိုးမြှင့်လုပ်ဆောင်ရန် နှင့် အနုပညာ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ လူမှုမီဒီယာ ဘက်စုံသုံး၍ ယခု စစ်ကောင်စီမှကျူးလွန်နေသော လိင်အကြမ်းဖက်မှုများ ကိုရှုံ့ချကြရန် အမျိုးသမီး လူငယ်နှင့်ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနမှ တိုက်တွန်းအပ် ပါသည်။

ဇွန်လ (၁၉) ရက်နေ့တွင် ဝန်ကြီးဌာနမှ ပဋိပက္ခအတွင်းလိင်အကြမ်းဖက်မှု ရပ်တန့်ရေး နေ့ End Sexual Violence in Conflict Day ကိုကျင်းပမည်ဖြစ်ပါသဖြင့် အနုပညာ၊ ဂီတ၊ သီချင်း၊ ပန်းချီ၊ ကာတွန်း၊ ကဗျာရွတ်ဆိုခြင်း၊ တို့ဖြင့်ပါဝင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂၀၁၄ ခုနှစ် ဇွန်လ (၁၉) ရက်နေ့တွင် လန်ဒန်မြို့တွင်ကျင်းပသော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ End Sexual Violence in Conflict Day ကို မြန်မာနိုင်ငံမှ ဝန်ကြီးများ၊ ကုလသမဂ္ဂတာဝန်ရှိသူများ နှင့် အမျိုးသမီးခေါင်းဆောင် များမှတက်ရောက်ခဲ့ပါသည်။

ထိုနေ့တွင် မြန်မာနိုင်ငံမှလည်း ပဋိပက္ခအတွင်းလိင်အကြမ်းဖက်မှု ရပ်တန့်ရေး End Sexual Violence in Conflict သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။

အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန
မေလ (၁၉) ရက်နေ့၊ ၂၀၂၂ ခုနှစ်